# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 24, 2019 Volume 24, Number 15


## ၂၄.၁၀.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၈၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၂/- ကျပ် |
| CBM Rate | = ၁၅၃၃.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၅.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၆.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၀.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၇၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ညမွှေးပန်းရနံ့ဖြင့် ထုတ်လုပ်ထားသော မြန်မာ့လက်ဖက်ခြောက်ကို စင်ကာပူသို့ စမ်းသပ်တင်ပို့

ညမွှေးပန်းရနံ့ဖြင့် ထုတ်လုပ်ထားသည့် မြန်မာ့လက်ဖက်ခြောက်ကို ယခုလအတွင်း စင်ကာပူနိုင်ငံသို့ စမ်းသပ်ရောင်းချခဲ့သည်။ Nara Green Tea ကုမ္ပဏီက ရှမ်းပြည်နယ်တောင်ပိုင်းထွက် လက်ဖက်နှင့်ညမွှေးပန်းကိုအသုံးပြုကာ ဂျာမနီနည်းပညာဖြင့်ထုတ်လုပ်ထားသည်။ တစ်ကီလိုလျှင် ကျပ်လေးသောင်းနှုန်းဖြင့် ၁၀ ကီလို စမ်းသပ်ရောင်းချခြင်းဖြစ်သည်။ ညမွှေးပန်းသည် စံပယ်အနွယ်ဝင်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အလွယ်တကူတွေ့နိုင်သည့်ပန်းဖြစ်ကြောင်း၊ ယင်းပန်းရနံ့ဖြင့် လက်ဖက်ထုတ်လုပ်ရာတွင် ပန်းကို ည ၉ နာရီမှ ၁၂ နာရီအတွင်းခူးပြီး ညမွှေးပန်း တစ်ပိဿာလျှင် ညမွှေးပန်းရနံ့ လက်ဖက်ခြောက် ဆယ်ပိဿာထုတ်လုပ်ရန် လိုလောက်ကြောင်း Nara Green Tea ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ကိုကျော်သီဟကပြောသည်။

ယင်းလက်ဖက်ခြောက်ကို ညမွှေးစံပယ်လက်ဖက်ခြောက်ဟု နာမည်ပေးထားပြီး ပြည်တွင်းတွင် မှာယူမှုရှိသော်လည်း မဖြန့်ဖြူးသေးဘဲ ပြည်ပကိုသာ ဦးစွာတင်ပို့မည်ဖြစ်ပြီး အလုံအလောက်ထုတ်နိုင်မှသာ ပြည်တွင်း၌ဖြန့်ဖြူးမည်ဟုဆိုသည်။ ဒီလက်ဖက်ထုတ်လုပ်နိုင်ဖို့က သုတေသနလေးနှစ်လောက် လုပ်ခဲ့ရတယ်။ မနှစ်က ဂျာမနီရောက်မှ ဒီနည်းပညာရလာတော့ အောင်မြင်သွားတယ်။ ညမွှေးပန်းကလိုသလောက်မရတာကတော့ အခက်အခဲပါပဲဟု ကိုကျော်သီဟကပြောသည်။ လက်ရှိတွင် တရုတ်မှဝင်လာသည့် စံပယ်ပန်းရနံ့ လက်ဖက်ခြောက်ကို ဈေးဝယ်စင်တာများတွင်ရောင်းချနေပြီး ယင်းလက်ဖက်ခြောက်များကို နည်းပညာအသစ်၊ အရသာအသစ်များနှင့် လုပ်ဆောင်မှသာ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဒီညမွှေးစံပယ် လက်ဖက်ခြောက်ကတော့ ကောင်းကောင်းယှဉ်ပြိုင်နိုင်တယ်။ နောက်ကျရင် ကိုယ့်တံဆိပ်နဲ့ နိုင်ငံခြားကို တင်ပို့ရောင်းချဖို့ လုပ်ဆောင်သွားမယ်ဟု ကိုကျော်သီဟကပြောသည်။ ယခုစင်ကာပူသို့ တင်ပို့သည့်ပုံစံမှာ ကီလိုအလိုက်ရောင်းချခြင်းသာဖြစ်ပြီး ယင်းလက်ဖက်ခြောက်ကိုဝယ်ယူသည့် စင်ကာပူမှ ကုမ္ပဏီက ၎င်းတို့၏အမှတ်တံဆိပ်ဖြင့် ပြန်လည်ရောင်းချခြင်းဖြစ်သည်။ ညမွှေးစံပယ်လက်ဖက်ခြောက်ဆိုသည်မှာ လက်ဖက်ခြောက်နှင့် ညမွှေးပန်းကိုရောခြင်းမဟုတ်ဘဲ ညမွှေးပန်းကို အနံ့ပေါင်းအိုးတွင် ပေါင်းကာရနံ့ကိုသာယူခြင်းဖြစ်ပြီး ယင်းမှရလာသည့်ရနံ့ကို လက်ဖက်ခြောက်နှင့် ပြန်လည်ရောစပ်သည့်နည်းပညာဖြစ်သည်။ Nara Green Tea ကုမ္ပဏီမှ ညမွှေးပန်းဖြင့်သာမက အခြားပန်းရနံ့ပေါင်းစုံဖြင့် လက်ဖက်ခြောက်များ ဆက်လက်ထုတ်လုပ်မည်ဟုဆိုသည်။

**Source: https://www.7daydaily.com**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## အမေရိကန်နိုင်ငံအပေါ် ကုန်သွယ်ရေးအရ တုန့်ပြန်နိုင်ရန် ဥပဒေရေးရာအပိုင်း၌ အီးယူပြင်ဆင်မှုများ ဆောင်ရွက်နေခြင်း

အမေရိကန်နိုင်ငံနှင့် အီးယူတို့အကြား တစ်စထက်တစ်စ ပိုမိုပြင်းထန်စပြုလာ နေသော အတ္တလန္တိတ်ဖြတ်ကျော် ကုန်သွယ်ရေးစစ်ပွဲအတွက် အမေရိကန်နိုင်ငံအား ပြန်လည် တုန့်ပြန်နိုင်ရေး အီးယူအနေဖြင့် ပြင်ဆင်နေကြောင်းသိရပါသည်။ အမေရိကန်နိုင်ငံအပေါ် မြင့်မားသော အခွန်နှုန်းထားဖြင့် ပြဋ္ဌာန်းနိုင်စေမည့် အီးယူ၏ ပြင်ဆင်မှုသည် အမေရိကန်နိုင်ငံနှင့် ပိုမိုပြင်းထန်သည့် ပိုင်ဆိုင်မှုများဖြစ်ပေါ်စေနိုင်ခြင်းအပေါ် အီးယူဘက်မှ တာဝန်ရှိသူများအနေဖြင့် စိုးရိမ်မှုများလည်း ရှိနေပါသည်။ ဥရောပကော်မရှင်၏ ဥက္ကဋ္ဌတာဝန်မှ မကြာမီပြီးဆုံးတော့မည့် Jean-Claude Juncker လက်ထက်တွင် အမေရိကန်နိုင်ငံအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်းများနှင့်အညီဆောင်ရွက်ရန် ထပ်တလဲလဲတိုက်တွန်းမှုများ ပြုလုပ်ခဲ့သော်လည်း လာမည့်နိုဝင်ဘာလမှစ၍ ဥရောပကော်မရှင်၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်မည့် Ursula von der Leyen အနေဖြင့် ကမ္ဘာ့အကြီးဆုံးကုန်သွယ်ရေးအုပ်စုအနေဖြင့် အမေရိကန်နိုင်ငံအား အလားတူနည်းလမ်းဖြင့် တုန့်ပြန်နိုင်ရန် ပြောဆိုထားပါသည်။ Ursula von der Leyen က သူမ၏လက်ထက်တွင် ကုန်သွယ်ရေးကော်မရှင်နာဖြစ်လာမည့် အိုင်ယာလန်နိုင်ငံသား Phil Hogan အား အီးယူ၏ကုန်သွယ်မှုကဏ္ဍအား ပိုမို အကာအကွယ်ပေးနိုင်စေရေးအတွက် လုပ်ထုံးလုပ်နည်းများ အသက်ဝင်စေရေး တိုးမြှင့်လုပ်ဆောင်သွားရန်ညွှန်ကြားထား ပါသည်။ အမေရိကန်နိုင်ငံ အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်ရေးအငြင်းပွားမှုကို စီရင်ဆုံးဖြတ်ပေးမည့် အယူခံအဖွဲ့ Judges ခန့်ထားရေးကိစ္စအပေါ် ပိတ်ဆို့မှုများဆောင်ရွက်နေသည့်အတွက် အီးယူဘက်အနေဖြင့် ထိုသို့ ပြန်လည် တုံ့ပြန်နိုင်မည့် စီမံဆောင်ရွက်မှုအသစ်များကို ပြင်ဆင်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်နေခြင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၏ ကန့်ကွက်မှုကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်ရေး အငြင်းပွားမှုဖြေရှင်းသည့် စနစ်သက်ဝင် လှုပ်ရှားမှုမရှိတော့ပါက အီးယူ၏ မော်တော်ကား ထုတ်လုပ်တင်ပို့မှုအပေါ် အခွန်ကောက်ခံမည်ဟု ပြောဆိုထားသည့် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်များရှိလာပါက တရားစီရင်ဆောင်ရွက်မည့် အဖွဲ့အစည်းမရှိတော့သည့်အတွက် အီးယူ ကော်မရှင်ဥက္ကဋ္ဌသစ်အနေဖြင့် အမေရိကန်အပေါ် အခွန်ကောက်ခံမှုဖြင့် ပြန်လည်လက်တုံ့ပြန်နိုင်မည့် အီးယူ၏ဥပဒေပိုင်း ဆိုင်ရာ ခိုင်မာအားကောင်းမှုကို ရရှိရန်ပြင်ဆင်နေခြင်းဖြစ်ပါသည်။ ဥရောပကော်မရှင်အနေဖြင့် ဥပဒေပိုင်းအရ ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းကို အီးယူအဖွဲ့ဝင်နိုင်ငံများကသိရှိထားကြပြီး၊ အဆိုပါကုန်သွယ်မှုဆိုင်ရာ ဥပဒေသစ်အား ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ကြီး၏ အငြင်းပွားမှုဖြေရှင်းရေးစနစ် ပြိုလဲမှုရှိခဲ့မှသာ တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း လေ့လာ သိရှိရပါသည်။ အီးယူ အနေဖြင့် အမေရိကန်နိုင်ငံမှ ယင်းအပေါ် အခွန်ကောက်ခံမှုများအတွက် ပြန်လည် တုန့်ပြန်ရာတွင် အကန့်အသတ်များရှိနေပြီး ၂၀၁၈ ခုနှစ်က အီးယူ၏ သံမဏိနှင့် အလူမီနီယံ ထုတ်ကုန်များအပေါ် အမေရိကန်နိုင်ငံမှ ယူရို ၆.၄ ဘီလီယံကျော် အခွန်နှုန်းထား ပြဋ္ဌာန်း ခဲ့ချိန်တွင် အီးယူဘက်မှ အမေရိကန်ထုတ်ကုန်များအပေါ် ယူရို ၂.၈ ဘီလီယံခန့် တန်ဖိုး ရှိသော အခွန်ကောက်ခံမှုဖြင့်သာ တုန့်ပြန်နိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။ အီးယူအနေဖြင့် ယခုကဲ့သို့ ဥပဒေရေးရာပြင်ဆင်မှု အပိုင်းကို နွေရာသီကတည်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အီးယူနှင့်အမေရိကန်တို့အကြား ထိုသို့ အခွန်အပြန်အလှန်ကောက်ခံမှု ပြုလုပ်ရန် ပြင်ဆင်နေကြခြင်းအပေါ် အီးယူဘက်တွင်လည်း စိုးရိမ်ပူပန်မှုများလည်းရှိနေကြကြောင်းသိရပါသည်။ အီးယူ၏ ထိုသို့ပြင်ဆင်မှုသည် အီးယူအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှုဖြေရှင်းရေး စနစ်ကျဆုံးမှုအပေါ် ကုစားနိုင်ရန် အတွက် WTO စည်းမျဉ်းစည်းကမ်းများနှင့် မကိုက်ညီသည့် ဥပဒေပြုမှုကိုဖန်တီးနေသည်ဟု ဝေဖန်ပြောဆိုမှုများလည်း ရှိနေပါသည်။ ယင်းသို့ အီးယူ၏ ဥပဒေပိုင်းဆိုင်ရာပြင်ဆင်မှုသည် အမေရိကန် နိုင်ငံအား လက်တုံ့ပြန်ရန် ရည်ရွယ်ထားကြောင်း ရှင်းလင်းသိသာနေသည့်အတွက် အမေရိကန်နှင့်အီးယူအကြား တင်းမာမှုများကို မီးလောင်ရာလေပင့်ဖြစ်စေမည့် အန္တရာယ် ရှိသည့် ချဉ်းကပ်မှုတစ်ရပ်အဖြစ် အီးယူအဖွဲ့ဝင်နိုင်ငံများကလည်း စိုးရိမ်မှုများရှိနေကြကြောင်းသိရှိရပါသည်။ ဥပဒေအသစ်၏ ပြဿနာမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိဘဲ အခွန်ပြဋ္ဌာန်းရန် အချက်ပင်ဖြစ်ကြောင်း ဝေဖန်သူ များက ထောက်ပြနေကြပါသည်။ ဥရောပပါလီမန်ကုန်သွယ်ရေးကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ Bernd Lange က မိမိတို့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးအား အမှန်တကယ်ကာကွယ်လိုပါက ယင်းအဖွဲ့ကြီး၏ စည်းမျဉ်းများနှင့်မကိုက်ညီသည့် မည်ကဲ့ သို့သော စီမံဆောင်ရွက်မှုမျိုးကိုမဆို မပြုလုပ်သင့်ဟု မိမိအနေဖြင့်စွဲမြဲစွာယုံကြည်ကြောင်း၊ ၎င်းအနေဖြင့် အဆိုပါ ပြင်ဆင်မှုကို

ဆန့်ကျင်ကြောင်း ပြောကြားထားသည်ဟုသိရှိရပါသည်။ အီးယူ၏ ကုန်သွယ်ရေးကော်မရှင်နာအသစ်ဖြစ်သူ Mr.Phil Hogan ကမူ အသစ်ပြဋ္ဌာန်းရန် ပြင်ဆင်နေသည့် ဥပဒေသည် နိုင်ငံတကာဥပဒေများနှင့်ကိုက်ညီမှုရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (The U.S. Trade Representative) အနေဖြင့် အီးယူ၏ အဆိုပါ အစီအစဉ်များအပေါ် မှတ်ချက်ပေးရန် ငြင်းဆန်ခဲ့ကြောင်းသိရှိရပါသည်။ ဥရောပကော်မရှင်၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်မည့် Ursula von der Leyen က ကုန်သွယ်ရေးကော်မရှင်နာအဖြစ် အဆိုပြုထားခြင်းခံရသည့် Phil Hogan ထံ ၁ဝ.၉.၂ဝ၁၉ နေ့တွင်ပေးပို့ခဲ့သည့် Mission Letter အရ အီးယူ၏ ကုန်သွယ်မှုဆိုင်ရာ အဓိကဦးစားပေးအစီအစဉ်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အား ပြုပြင်ပြောင်းလဲမှုဆီသို့ ဦးတည်ရေး၊ အီလက်ထရွန်နစ် ကုန်သွယ်မှုဆိုင်ရာ WTO ညှိနှိုင်း ဆွေးနွေးပွဲများတွင် ပိုမိုအားစိုက်ဆောင်ရွက်ရေး၊ အီးယူအား မျှတမှုမရှိသောကုန်သွယ်မှုပုံစံများမှ ကာကွယ်နိုင်မှုစွမ်းရည် တိုးတက်စေရေး၊ အီးယူ၏ ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းစေရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရေး စသည့်အချက်များ ပါဝင်သည်ကိုတွေ့ရှိရပါသည်။ အီးယူ၏ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများ ပိုမိုအားကောင်းစေရေးဟုဆိုရာတွင် အခြားနိုင်ငံများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကို ပိတ်ဆို့မှုပြုလုပ်ထားပြီး တပြိုင်နည်းတည်းမှာပင် တရားမဝင်သော ကုန်သွယ်မှုအစီအမံများချမှတ်လာခဲ့ပါက အီးယူအနေဖြင့် အရေးယူပိတ်ဆို့မှုများပြုလုပ်နိုင်မည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အသက်ဝင်အာဏာတည်တံ့စေရေး လက်ရှိလုပ်ထုံးလုပ်နည်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း လည်းပါဝင်သည်ဟု ဖော်ပြထားသည်ကိုတွေ့ရပါသည်။ သုံးသပ်ချက်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ အငြင်းပွားမှုဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ အယူခံအဖွဲ့ဆိုင်ရာအကျပ်အတည်း (Appellate Body Impasse) နှင့် Fisheries Subsidies ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုကိစ္စရပ်တို့ကို ဖြေရှင်းဆောင်ရွက်ရန် အချိန်(၂)လသာ ကျန်ရှိတော့ကြောင်းနှင့် ခိုင်မာသည့်ရလာဒ်များ ရရှိရန်လိုအပ်ကြောင်းကို ၁၄.၁ဝ.၂ဝ၁၉ နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာရှိ WTO ရုံးချုပ်၌ ကျင်းပခဲ့သည့်အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် Mr.Roberto Azevedo က ပြောကြားထားပါသည်။ အမေရိကန်နိုင်ငံသည် Airbus လေယာဉ်ဆိုင်ရာ အမှုကိစ္စရပ်တွင် အီးယူအပေါ် တန်ပြန်အခွန်ကောက်ခံခွင့်အား WTO ထံမှရရှိထားပြီးဖြစ်ရာ အီးယူအနေဖြင့် တရုတ်နိုင်ငံပြီးနောက် အမေရိကန်နိုင်ငံ၏ အခွန်ပစ်မှတ်တစ်ခုဖြစ်လာခဲ့ပါက ဥပဒေကြောင်းအရ တုန့်ပြန်ဆောင်ရွက်နိုင်မည့် တစ်ခုတည်းသောလမ်းကြောင်းဖြစ်သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ အငြင်းပွားမှုဖြေရှင်းရေးစနစ်ကိုအသုံးပြု၍ မရမည်ကို စိုးရိမ်၍ အီးယူ၏ ကုန်သွယ်မှုဆိုင်ရာ ကာကွယ်မှုကို ပိုမိုအားကောင်းစေမည့် ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်မှုကို ပြုလုပ်ထားခြင်း ဖြစ်သည်ဟု သုံးသပ်ရရှိပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံနှင့် အီးယူတို့အကြား အပြန်အလှန်အခွန်စစ်ပွဲများဆီသို့ ဦးတည်လာနေခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ မကြာသေးမီက ထုတ်ပြန်ချက်အရ နိုင်ငံတကာကုန်သွယ်မှုသည် ကျဆင်းနေပြီး ရှေ့အလားအလာမှာလည်း မရေရာမှုများ ရှိနေခြင်းတို့သည် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှု တစ်နည်းအားဖြင့် လွတ်လပ်၍မျှတမှုရှိသော ကုန်သွယ်မှုအပေါ် များစွာသက်ရောက်မှုရှိလာနိုင်ပြီး၊ ကမ္ဘာတစ်ဝန်းထုတ်လုပ်မှု၊ ရင်းနှီး မြှုပ်နှံမှုနှင့် စီးပွားရေးတိုးတက်မှုတို့အပေါ် အကျိုးဆက်များ ရှိလာနိုင်မည်ဟု ခန့်မှန်းပြောဆိုမှုများလည်း ရှိထားသည်ကို လေ့လာသိရှိရပါသည်။ အီးယူကဲ့သို့ စည်းမျဉ်း အခြေခံသည့် လွတ်လပ်မျှတသော ကုန်သွယ်မှုစနစ် (Rule–based trading system) ကို အစဉ်တစိုက်အားပေးထောက်ခံလာခဲ့သည့် ကုန်သွယ်ရေး အုပ်စုကြီးသည်ပင်လျှင် ယူရိုဘီလီယံနှင့်ချီသည့် အခွန်ကောက်ခံမှုများကို ရင်ဆိုင်ရဖွယ်ရှိနေခြင်း၊ ဥပဒေနှင့်မညီသော ကုန်သွယ်မှုဆိုင်ရာ စီမံဆောင်ရွက်မှုများကိုရင်ဆိုင်လာရပါက ဖြေရှင်းပေးနိုင်မည့်စနစ်တွင် မသေချာမရေရာမှုများရှိနေခြင်း တို့ကြောင့် ၎င်းတို့၏ ကိုယ်ပိုင်နည်းလမ်းဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်နိုင်မည့် အစီအမံများကို စတင်ရှာဖွေလာခြင်းဖြစ်သည်ဟု အလွတ်သဘောသုံးသပ်ရရှိပါသည်။ ကိုယ်ကျိုးစီးပွားကို ကာကွယ်ကြရာမှ ကမ္ဘာ့ကုန်သွယ်မှုတွင် Protectionist Policy ဆီသို့ ယခုထက်ပိုမို၍ ဦးတည်သွားနိုင်မည့်အလားအလာများလည်းရှိလာနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့ကုန်သွယ်မှုသည် ယခင်ကထက် ပိုမိုခက်ခဲရှုပ်ထွေးသည့် အခင်းအကျင်းဖြင့် ရှေ့ဆက်မည့်အလားအလာများကို ပိုမိုမြင်တွေ့နေရသည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ထိုင်းစက်မှုလုပ်ငန်းများအသင်းချုပ်အနေဖြင့် မော်တော်ကား ထုတ်လုပ်မှုအား(၂.၀)သန်း သို့လျှော့ချခန့်မှန်းခြင်း

ထိုင်းစက်မှုလုပ်ငန်းများအသင်းချုပ် The federation of Thai Industries (FTI) အနေဖြင့် ယခုနှစ်အတွက် တိုင်းပြည်၏ မော်တော်ကားထုတ်လုပ်မှုအား ကျရိုပ်ပြနေသော ပြည်တွင်းအရောင်းနှင့် ပြည်ပတင်ပို့မှုနှစ်ရပ်လုံးအရ (၂.၁၅)သန်းမှ(၂)သန်းသို့ လျှော့ချခန့်မှန်းကြောင်း ယမန်နေ့က ထုတ်ပြန်ကြေငြာခဲ့ပါသည်။ FTI ၏ မော်တော်ကား ထုတ်လုပ်မှု အသင်းအနေဖြင့် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုကို ကျဆင်းစေသော အနှုတ်လက္ခဏာဆောင်သည့် အချက်အလက်များကြောင့် ပြည်တွင်းအရောင်းနှင့် ပြည်ပတင်ပို့မှုများ ကျဆင်းခဲ့ရပြီးနောက် ယခုနှစ်အတွက် ပထမဦးဆုံးအကြိမ်အဖြစ် ၎င်း၏ ခန့်မှန်းချက်အား လျှော့ချခန့်မှန်းခဲ့ခြင်းဖြစ်ပါသည်။ စက်တင်ဘာလတွင် ယခင်နှစ် အလားတူကာလကထက် (၁၄.၁%) လျော့နည်းခဲ့ပြီး စတုတ္ထမြောက်အရောင်းကျဆင်းမှုလအဖြစ် အစီးရေ(၇၉.၁၆၅)စီး ရောင်းချခဲ့ရသည့်အားလျော်စွာ ပြည်တွင်းကားဈေးကွက်အတွက် အသင်းမှယခုနှစ်အတွက် အရောင်းပမာဏခန့်မှန်းချက်အား (၁.၀၅)သန်းမှ (၁.၀)သန်းသို့ လျှော့ချခန့်မှန်းခဲ့ကြောင်း ယမန်နေ့က ထုတ်ပြန်ကြေငြာခဲ့ပါသည်။ စက်တင်ဘာလ ကားအရောင်းမှာ ယခင်လကထက် (၅.၇%) ကျဆင်းခဲ့ပါသည်။ အသင်း၏ပြောရေးဆိုခွင့်ရှိသူ Surapong Paisit Patanapong က ဘဏ်များအနေဖြင့် ထိုင်းစီးပွားရေးဘဏ်မှ အိမ်ထောင်စုများ၏ ကြွေးမြီမြင့်တက်နေမှုအပေါ် သတိပေးချက်ထုတ်ပြန်မှုအား လက်ခံရရှိခဲ့ပြီးနောက် မော်တော်ကားချေးငွေများအား ပြည်တွင်းဘဏ္ဍာရေးအဖွဲ့အစည်းများက ပယ်ချမှုများမှာ ဇွန်လမှစက်တင်ဘာလအထိ အရောင်းကျဆင်းမှုများ၏ အဓိကအချက်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ စက်တင်ဘာလတွင် အထက်ပိုင်းပြည်နယ်များ၌ ရေလွှမ်းမိုးမှုအတော်များများ ခံစားခဲ့ရမှုကလည်း ပြည်နယ်များ၏ ဝယ်လိုအားကိုလျှော့ကျစေခဲ့ကြောင်း၊ ဇွန်လမှ စက်တင်ဘာလအထိ လအလိုက်အရောင်းများမှာ ယခင်နှစ်ကာလတူထက် ကျဆင်းခဲ့ကြောင်းနှင့် နောက်ဆုံး(၃)လပတ်အထိ ဆက်ကျသွားဖွယ်ရှိကြောင်း၊ အသင်းအနေဖြင့်ခန့်မှန်းထားသည့်အတိုင်း ကားအစီးရေ(၁)သန်း ရောင်းချနိုင်ရန် ယခု(၃)လပတ်တွင် ကားအသစ်ထုတ်လုပ်နိုင်ရန်မျှော်မှန်းထားကြောင်း Mr.Surapong က ပြောကြားခဲ့ပါသည်။ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကားအရောင်းမှာ (၂%) တိုးတက်ခဲ့ပြီး စုစုပေါင်းကားအစီးရေ (၇၆၁၈၄၇)စီးရောင်းချခဲ့ရကြောင်းသိရှိရပါသည်။ အသင်းမှ မော်တော်ကား ပြည်ပတင်ပို့မှုအား တစ်နှစ်လုံးအတွက်(၁.၁)သန်းမှ (၁.၀)သန်းသို့ လျှော့ချ ခဲ့ပြီး ပြည်ပတင်ပို့မှုမှာ အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲကြောင့် ကျဆင်းမှုကို ခံစားနေရကြောင်း ပြောကြားခဲ့ပါသည်။ အသင်းအနေဖြင့် စက်တင်ဘာလတွင် မော်တော်ကား ပြည်ပတင်ပို့မှုမှာ နှစ်အလိုက်တွင်(၆.၄%)ကျဆင်းခဲ့ပြီး အစီးရေ (၈၇၁၅၄)စီးတင်ပို့ခဲ့ကြောင်း၊ ကျွန်းစုနိုင်ငံများ၊ ဥရောပ၊ အာဖရိက၊ မြောက်အမေရိက၊ တောင်အမေရိက၊ အလယ်ပိုင်း အမေရိကတို့အပါအဝင် ထိုင်းနိုင်ငံမှ မော်တော်ကား ဝယ်ယူတင်သွင်းသည့်နိုင်ငံများမှ အမှာစာများကျဆင်းခဲ့ရကြောင်း ပြောကြားခဲ့ပါသည်။ အာရှနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ မော်တော်ကားတင်ပို့မှုများသာ စက်တင်ဘာလတွင် တိုးတက်ခဲ့ကြောင်း၊ ယခင်လက မော်တော်ကားတင်ပို့မှုတန်ဖိုးစုစုပေါင်းမှာ ဘတ်ငွေ(၅၁.၇) ဘီလီယံရှိခဲ့ပြီး ယခင်နှစ်အလားတူ ကာလများကထက် (၅%)ကျဆင်းခဲ့ကြောင်း၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ မော်တော်ကားတင်ပို့မှုမှာ (၄.၄%)ကျဆင်းခဲ့ပြီး အစီးရေ (၈၂၁၀၁)စီးသာ တင်ပို့နိုင်ခဲ့ကြောင်း၊ ပြည်ပတင်ပို့မှုတန်ဖိုးစုစုပေါင်းမှာ ဘတ်ငွေ(၄၂၂.၉၄) ဘီလီယံရှိပြီး (၆.၂%)ကျဆင်းခဲ့ကြောင်း သိရှိရပါ သည်။ Mr.Surapong က မော်တော်ကား သင်္ဘောတင်ပို့မှုများမှာ အခြားပြည်တွင်းထုတ်ကုန်များကဲ့သို့ အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်မှုကို ခံစားရကြောင်းပြောကြားခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ဘတ်ငွေတန်ဖိုးမြင့်မားနေမှုကလည်း မော်တော်ကားထုတ်လုပ်သူများအတွက် ၎င်းတို့၏ ထုတ်လုပ်မှုများကို ထိုင်းနိုင်ငံမှ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းစေရန်အချက်တစ်ချက်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် မော်တော်ကား ထုတ်လုပ်သူအချို့သည် ကျွန်းစုနိုင်ငံများသို့ တင်ပို့ရန် အာဖရိကနိုင်ငံများသို့ အချို့သော ကားထုတ်လုပ်မှုများ ပြောင်းရွှေ့သွား ကြောင်းကို မြင်တွေ့နေရပြီး ဘတ်ငွေထက်တန်ဖိုးခိုင်မာမှုမည်းသော ငွေကြေးရှိသည့်နိုင်ငံများအနေဖြင့် ယင်းအချက်သည် မော်တော်ကား ထုတ်လုပ်သူများပြောင်းရွှေ့လာရန် ဆွဲဆောင်မှုကိုဖြစ်စေကြောင်း၊ Mr.Surapong က ပြောကြားခဲ့ပါသည်။ ပြည်တွင်းအရောင်းနှင့် ပြည်ပတင်ပို့မှုကျဆင်းမှုများကြောင့် ထိုင်းနိုင်ငံ၏ စက်တင်ဘာလတွင် ထုတ်လုပ်မှုမှာ စုစုပေါင်းကားအစီးရေ (၁၆၉၄၇၄)စီးသာရှိပြီး ယခင်နှစ်ကာလတူထက် (၇.၅%) ကျဆင်းခဲ့ကြောင်း၊ ပထမ(၉)လအတွင်း မော်တော်ကားထုတ်လုပ်မှု စုစုပေါင်းမှာ အစီးရေ (၁.၅၇)သန်း ထုတ်လုပ်ခဲ့ပြီး (၂%)ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ထိုင်း**

## သနပ်ခါးဈေးကွက်ကျဆင်းခြင်းကြောင့် စိုက်ပျိုးမှု ၄၀ ရာခိုင်နှုန်းခန့် လျော့ကျသွားဟုဆို




သနပ်ခါးများကို အသုံးပြုမှုနည်းလာခြင်းနှင့်အတူ ဈေးကွက်လိုအပ်ချက် နည်းပါးလာခြင်းကြောင့် စိုက်ပျိုးမှုမှာလည်း ၄၀ ရာခိုင်နှုန်းခန့် လျော့ကျသွားကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးသော သနပ်ခါးများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် မထုတ်လုပ်နိုင်ခြင်းနှင့် အလှကုန်ပစ္စည်းများတွင် အသုံးပြုမှုနည်းလာသဖြင့် ဈေးကွက်လိုအပ်ချက် နည်းပါးလာခြင်းကြောင့် စိုက်ပျိုးသူ တဖြည်းဖြည်းနည်းပါးလာခြင်းဖြစ်ကြောင်းသိရသည်။ သနပ်ခါးကို အဆင့်မြင့်ထုတ်ကုန်တွေ ဖြစ်တဲ့ အလှကုန်ပစ္စည်းတွေမှာပါတယ်ဆိုပြီးရောင်းကြတယ်။ ဒါပေမယ့် အဲဒီထဲမှာ တကယ်မပါဝင်ဘူး။ ဒါကို ထိန်းချုပ်မှုလည်း မလုပ်နိုင်သေးတော့ တဖြည်းဖြည်းနဲ့ ဈေးကွက်ပမာဏက ကျဉ်းမြောင်းလာတယ်။

အဲဒီအခါမှာ စိုက်ပျိုးသူတွေကလည်း သနပ်ပင်တွေကိုဖျက်ပြီး လျှော်ဖြူတွေကို အစားထိုးစိုက်ပျိုးလာကြတဲ့အတွက် အခုဆိုရင် ၆၀ရာခိုင်နှုန်းလောက်ပဲရှိတော့မယ်ဟု ဦးကျော်မိုးက ပြောသည်။ ဈေးကွက် ပိုမိုကျယ်ပြန့်လာစေရေးအတွက် သနပ်ခါးပါဝင်သည်ဟုဆိုကာ ရောင်းချနေသည့် မိတ်ကပ်နှင့်အလှကုန်ပစ္စည်းများကို ထိန်းသိမ်းကြပ်မတ်ကြရန် လိုအပ်ကြောင်း၊ ကြပ်မတ်မှုများကိုပြုလုပ်ပေးရန် စားသုံးသူရေးရာဦးစီးဌာနထံသို့ အသင်းကတိုင်ကြားထားပြီးဖြစ်ကြောင်းသိရသည်။ သနပ်ခါးပါဝင်တယ်ဆိုပြီး ဈေးကွက်ထဲမှာရောင်းချနေတဲ့ အလှကုန်တွေရဲ့ ဓာတ်ခွဲစစ်ဆေးပြီးတဲ့ ရလဒ်တွေကို စားသုံးသူရေးရာဦးစီးဌာနကို တင်ပြထားပြီးဖြစ်ပါတယ်။ စားသုံးသူရေးရာဥပဒေမှာပါဝင်တဲ့ အချက်အလက်အတိုင်း လိုက်နာဖို့အတွက် အသိပညာတွေပေးနေတယ်။ မကြာမီမှာ အသိပညာပေးကာလက ကုန်တော့မှာဖြစ်ပါတယ်။ အရေးယူမှုတွေ ပြုလုပ်တော့မယ်လို့လည်းသိရတယ်ဟုၡင်းကပြောသည်။

ဈေးကွက်တိုးတက်မှု မရှိခြင်းအပြင် စိုက်ပျိုးသူများကလည်း ရေရှည်စိုက်ပျိုးရသော အပင်အမျိုးအစားဖြစ်သဖြင့် အလျင်အမြတ်ခုတ်ရောင်းချနိုင်ရန် အပင်ကြီးမြန်ဆေးများ အသုံးပြုလာကြကြောင်းသိရသည်။ ထို့ကြောင့်သနပ်ခါးများမှာ အမွှေးနံ့သာများကြာရှည်မခံခြင်း၊ ပိုးကိုက်မှုများလာခြင်း၊ သက်တမ်းတွက်ချက်ရန် မလွယ်ကူတော့ခြင်းတို့လည်း ဖြစ်လာကြောင်း၊ ဆေးများအသုံးပြု၍ မစိုက်ပျိုးကြရန်လိုအပ်ကြောင်းသိရသည်။ အကြီးမြန်ဆေးတွေ ထည့်လိုက်တော့ အပွေးရနည်းတယ်။ အနှစ်လည်းရရှိမှုကျလာတယ်။ အဲလိုမျိုးတွေ များများစားစားဖြစ်လာရင် လူတွေက ယုံကြည်မှုလျော့ကျလာမယ်။ ဈေးကွက်ပါ ကျဆင်းလာမှာဖြစ်ပါတယ်ဟု သနပ်ခါးရောင်းချသူတစ်ဦးကပြောသည်။ အထက်ပါကိစ္စများ အပြင် အခြားသနပ်ခါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက်လိုအပ်သောအချက်များကို မုံရွာမြို့တွင်ပြုလုပ်မည့် သနပ်ခါးညီလာခံ၌ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source: ျမန္မာေတာင္သူႀကီးမ်ားဂ်ာနယ္**

http://htwettoe.com/article-details/news/8094314

## မြို့တော် ပြင်ပစက်မှုဇုန်နှစ်ခု အကောင်အထည်ဖော်ရန် ညှိနှိုင်းနေ

တိုင်းအစိုးရက အကောင်အထည်ဖော်ရန် စီစဉ်နေသည့် မြို့တော်ပြင်ပ စက်မှုဇုန် ၁၁ ခု အနက် နှစ်ခုသည် အကောင်အထည်ဖော်ရန် သေချာနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့က သတင်းထုတ်ပြန်သည်။ အဆိုပါ စက်မှုဇုန်စီမံကိန်း နှစ်ခုသည် ထန်းတပင်နှင့်လှည်းကူးမြို့နယ်ရှိ မြေဧက ၁၆၀၀ နှင့် ၁၀၀၀ စီ ကျယ်ဝန်းသည့် မြေနေရာတွင်ဖြစ်သည်ဟု ရန်ကုန်တိုင်းအစိုးရအဖွဲ့၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးကပြောသည်။

အထက်ပါစက်မှုဇုန် နှစ်ခုအပြင် လက်ရှိတွင် သန်လျင်စက်မှုဇုန်ကို အကောင်အထည်ဖော်ရန် ကုမ္ပဏီ လေးခုနှင့်လည်းကောင်း၊ ကျောက်တန်း စက်မှုဇုန်ကို အကောင်အထည်ဖော်ရန် ကုမ္ပဏီနှစ်ခုနှင့်လည်းကောင်း အသီးသီးညှိနှိုင်းနေသည်ဟု ၎င်းက ဆိုသည်။ မှော်ဘီနှင့် တွံတေးမြို့နယ်ရှိ စက်မှုဇုန်များကိုလည်း လုပ်ငန်းရှင်များက စုံစမ်းမှုများရှိသည်ဟု ၎င်းကဆိုသည်။ တိုင်းထဲလာပြီးတော့ ရင်းနှီးမြှုပ်နှံချင်ပါတယ်ဆိုမှ လိုက်ရှာလို့မရဘူး။ ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ကြိုပြီးရွေးထားတာ။ ရင်းနှီးမြှုပ်နှံသူက စိတ်ဝင်စားတဲ့ဟာကို အကောင်အထည်ဖော်မှ ပြည်သူသိရတာမဟုတ်ဘဲ ကြိုသိရအောင်အသိပေးထားတာဟု ဝန်ကြီးကပြောသည်။

လှည်းကူးမြို့နယ်ရှိ စက်မှုဇုန်ကို ၂၀၁၉ အတွင်း မြေယာ လျော်ကြေးပေးနိုင်ရေး စတင်ဆောင်ရွက်နေသည်ဟု ဆိုသည်။ ထန်းတပင်စက်မှုဇုန်ကို ၂၀၁၉ ဒီဇင်ဘာတွင် စတင်ဆောင်ရွက်ရန်စီစဉ်ထားပြီး စုစုပေါင်းကုန်ကျစရိတ် ဒေါ်လာသန်း ၃၀၀ ရှိသည်ဟုဆိုသည်။ သန်လျင်စက်မှုဇုန် ကို ၂၀၁၈–၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀– ၂၁ အတွင်း ဆောင်ရွက်မည်ဖြစ်ကာ မြေဧက ၁၁၀၀ ခန့်ရှိသည်။ ရန်ကုန်တိုင်းအစိုးရက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနယ်နိမိတ်ပြင်ပရှိ မြို့နယ် ၁၁ ခုတွင် စက်မှုဇုန်များ အကောင်အထည်ဖော်ရန်စီစဉ်ခဲ့သည်။ ယင်းစီမံကိန်းများကို တိုင်းအစိုးရ၏ စီမံကိန်းဘဏ်စာရင်းတွင် ထည့်သွင်းထားသည်။

**Source: https://www.7daydaily.com/**

## ယခုဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေး ၇ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မည်ဟု AMRO အဖွဲ့ထုတ်ပြန်



မြန်မာနိုင်ငံ၏ စီးပွားရေးကို ယခုဘဏ္ဍာနှစ်တွင် ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မည်ဟု အာဆီယံ+ ၃ မက်ခရိုစီးပွားရေးသုတေသနရုံး (AMRO) က ထုတ်ပြန်သည်။ ယခုဘဏ္ဍာနှစ် (၂၀၁၉ – ၂၀)တွင် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အာရှဖွံ့ဖြိုးရေးဘဏ်က ၆ ဒသမ ၆ ရာခိုင်နှုန်း နှုန်း၊ ကမ္ဘာ့ဘဏ်က ၆ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားသည်။ စင်ကာပူနိုင်ငံတွင် ရုံးစိုက် ထားသော အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့ ကိုယ်စားပြုသော AMRO ၏ မြန်မာနိုင်ငံအပေါ်စီးပွားရေးတိုးတက်မှုနှုန်း ခန့်မှန်းရခြင်းနှင့်ပတ်သက်၍ အချက်လေးချက်ကို ထောက်ပြထားသည်။

ထိုအချက်များက ပြုပြင် ပြောင်းလဲမှု အရှိန်ကောင်းလာခြင်းကြောင့် စီးပွားရေးရပ်တည်ချက်များ အားကောင်းလာခြင်း၊ အထည်အလိပ်နှင့် အခြားထုတ်ကုန်ပစ္စည်းများ တိုးတက်လာခြင်း၊ ခရီးသွားလာရေးနှင့်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းများကျယ်ပြန့်လာခြင်း၊ ငွေကြေးသုံးစွဲမှု ပိုမိုအားကောင်းလာခြင်းတို့ကိုအကြောင်းပြထားသည်။ စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီးအားကောင်းလာသည်ဆိုသော်လည်း ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ ယခုဘဏ္ဍာနှစ်တွင် ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟုခန့်မှန်းထားသည်။ လျှပ်စစ်မီတာခ တိုးမြှင့်ကောက်ခံခြင်းနှင့် ရောင်းလိုအားအကြောင်းရင်းများကြောင့် ငွေကြေးဖောင်းပွမှုမြင့်တက်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေးတိုးတက်မှု နှောင့်နှေးစေမည့် အကြောင်းရင်းများနှင့်ပတ်သက်၍ AMRO ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ရခိုင်ပြည်နယ်၌လူမျိုးရေးတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ ကုန်သွယ်ရေးကာကွယ်မှုနှင့် ကမ္ဘာ့စီးပွားရေးမရေရာမှုများရှိနေခြင်း၊ ပထဝီနိုင်ငံရေးစွန့်စားမှုအန္တရာယ်များရှိနေခြင်းနှင့် စွမ်းအင်ဈေးနှုန်းမြင့်မားခြင်းတို့က စီးပွားရေးတိုးတက်မှုနှောင့်နှေးစရာများဖြစ်သည်ဟုဆိုသည်။ အာဆီယံ ၁၀ နိုင်ငံနှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့၏ ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့်ဘဏ္ဍာရေးတည်ငြိမ်မှု ဘေးကင်းလုံခြုံရေးပံ့ပိုးပေးရန် AMRO ကို ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခြေအနေအရပ်ရပ်၊ ဘဏ္ဍာရေးခိုင်မာမှုနှင့်ပတ်သက်၍ စောင့်ကြည့်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အစီရင်ခံတင်ပြခြင်းတို့ပြုလုပ်ပေးသည်။

**Source**: https://www.7daydaily.com/

## ရှမ်းပြည်တောင်ပိုင်းတွင် အိန္ဒိယအာလူးမျိုး စိုက်ပျိုးအောင်မြင်



အိန္ဒိယနိုင်ငံမှ တင်သွင်းပြီး စမ်းသပ်စိုက်ပျိုးသည့်အာလူး ရှမ်းပြည်နယ်တောင်ပိုင်းတွင် အောင်မြင်ပြီး တစ်ဧကလျှင် အမြတ်ငွေကျပ်သိန်း ၃၀ ခန့်ရှိသည်။ အိန္ဒိယမှတင်သွင်းသည့် အိန္ဒိယကုမ္ပဏီ၊ ကျူတီအာလူးမျိုးကို တောင်ကြီးမြို့နယ် ဝင်းယစံပြကျေးရွာရှိ တောင်သူသုံးဦး၏ ခြံ ဧက ၃၀ တွင် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်သည်။ ကျွန်တော်တို့က ဒီဒေသက တောင်သူတွေဖွံ့ဖြိုးတိုးတက်စေချင်တယ်။ ဒေသခံတွေအလုပ်အကိုင် အခွင့်အလမ်းတွေပိုရစေချင်ပါတယ်ဟု နောင်တရားမြို့ အာလူးအစုအဖွဲ့မှ တောင်သူဦးခွန်ဆန်းဦးက ပြောသည်။ အိန္ဒိယအာလူးမျိုးကိုမှာယူ၍ အင်းလေးကန်ဘေးရှိ တုံဟုန်းတံတားအနီး စိုက်ပျိုးပြီးရရှိသည့် မျိုးစေ့များကို စိုက်ပျိုးခြင်းဖြစ်သည်ဟု ဦးခွန်ဆန်းဦးကဆိုသည်။

အဆိုပါ အာလူးများကို စတင်စိုက်ပျိုးပြီး သုံးလအကြာတွင် ပြန်လည်တူးဖော်ရောင်းချနိုင်သည်။ ထိုသို့တူးဖော်ရရှိသည့် အာလူးများကို ရန်ကုန်၊ မန္တလေး၊ ကျောက်ပန်းတောင်း၊ မြင်းခြံမြို့သို့ အကြီးတစ်ပိဿာကျပ် ၁၀၀၀၊ အလတ်တစ်ပိဿာ ကျပ် ၉၀၀၊ အငယ်တစ်ပိဿာ ကျပ် ၈၀၀ ဈေးဖြင့် ရောင်းချနေ သည်။ ယင်းအိန္ဒိယ အာလူးစိုက် ပျိုးရာတွင် တစ်ဧကလျှင် ပိဿာချိန် ၇၀၀ ခန့်စိုက်ပျိုးနိုင်ပြီး ကျပ် ၂၅ သိန်းမှ ကျပ်သိန်း ၃၀ ခန့်ကုန်ကျသည်။ တစ်ဧကလျှင် အထွက်နှုန်းပိဿာချိန် ၇၀၀၀ ခန့်ထွက်ရှိသည်ဟု စမ်းသပ်စိုက်ပျိုးသည့် တောင်သူများကဆိုသည်။ ကျွန်တော်အာလူးစိုက်တာက မိရိုးဖလာစိုက်ပျိုးသလိုဆိုတော့ ကုန်ကျစရိတ်များတာပေါ့။ အစိုးရအနေနဲ့ နည်းပညာပိုင်းတွေကူညီမယ်၊ ဈေးကွက်တွေရှာပေးမယ်ဆိုရင် အကုန်အကျသက်သာတဲ့အတွက် ဈေးကွက်မှာ သင့်တင့်တဲ့ဈေးနဲ့ ရောင်းချနိုင်သလို တောင်သူတွေလည်း အမြတ်အစွန်းပိုရလာမယ်ဟု ဦးခွန်ဆန်းဦးကဆိုသည်။

ယခင်က ရှမ်းပြည်နယ်တောင်ပိုင်း၌စိုက်ပျိုးသည့် အာလူးများသည်တရုတ်နှင့် ဟော်လန်မျိုးဖြစ်သည်။ တရုတ်မျိုးသည် ထွက်ကုန်ကို မျိုးပြန်ထား၍မရဘဲ နှစ်စဉ်မျိုးများ ပြန်လည်ဝယ်ယူရသည်။ ဟော်လန်မျိုးကိုမူ တင်သွင်းစရိတ်ကြီးမားခြင်းနှင့် ဝယ်ယူရရှိရန်ခက်ခဲခြင်းကြောင့် အိန္ဒိယမျိုးကိုစမ်းသပ်စိုက်ပျိုးခြင်းဖြစ်သည်။ ဟော်လန်မျိုးသည် တင်သွင်းစရိတ် တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ခန့်ရှိပြီး အိန္ဒိယမျိုးသည် တင်သွင်းစရိတ် တစ်ပိဿာလျှင် ကျပ် ၁၇၀၀ ခန့်ရှိသည်။ သို့သော် လာမည့်နှစ်တွင် မျိုးပြန်ထား၍ရသဖြင့် တရုတ်မှအာလူးမျိုးကောင်းမျိုးသန့်များကို တစ်ပိဿာလျှင်တင်သွင်းစရိတ် ကျပ် ၁၀၀၀ ခန့်ဖြင့် တရားဝင်တင်သွင်းရန်ရှိသည်ဟု ၎င်းကဆိုသည်။ ယခုစမ်းသပ်စိုက်ပျိုးသည့် အာလူးစိုက်ခင်းများကို ကိုရီးယား၊ တရုတ်တို့အပြင် ရန်ကုန်နှင့်မန္တလေးမှ လုပ်ငန်းရှင်များလာရောက်လေ့လာသဖြင့် လာမည့်နှစ်တွင် ဈေးကွက်ချဲ့ထွင်နိုင်မည်ဟုမျှော်လင့်ကြောင်း ဦးခွန်ဆန်းဦးကဆိုသည်။

**Source:** https://www.7daydaily.com/

## EU က ဗြိတိန်နုတ်ထွက်ရေး ကြန့်ကြာဖွယ်ရှိ

ဥရောပသမဂ္ဂ EU ကနေ ဗြိတိန်နိုင်ငံနုတ်ထွက်ရမယ့် Brexit နောက်ဆုံးရက်ကိုရွှေ့ပေးဖို့ EU အဖွဲ့ဝင်နိုင်ငံတွေ ဗုဒ္ဓဟူးနေ့က သဘောတူလိုက်ပေမယ့် ဗြိတိန်နိုင်ငံရေးအကျပ်အတည်းကိုဖြေရှင်းဖို့ ဘယ်လောက်ကြာကြာအချိန်ပေးရမယ် ဆိုတဲ့ အပေါ်မှာတော့ သဘောတူညီချက်မရကြသေးပါဘူး။ ပြီးခဲ့တဲ့သီတင်းပတ်က EU ခေါင်းဆောင်တွေနဲ့ ရထားတဲ့ Brexit ဆိုင်ရာ သဘောတူညီချက်ကို ဗြိတိသျှလွှတ်တော်အမတ်တွေက အလျင်အမြန်ထောက်ခံကြဖို့ ဝန်ကြီးချုပ် Boris Johnson အနေနဲ့ ကြိုးစားစည်းရုံးနေရသလို သတ်မှတ်ချက်မတိုင်ခင် ရွေးကောက်ပွဲစောကျင်းပဖို့လည်း တွန်းအားပေးနေပါတယ်။

Brexit နောက်ဆုံး သတ်မှတ်ရက်ကို အောက်တိုဘာလ ၃၁ ရက်နေ့ကနေ မရွှေ့ချင်ဘူးဆိုတာ ဝန်ကြီးချုပ် Johnson က ဥရောပကောင်စီဥက္ကဋ္ဌ Donald Tusk ကို ဗုဒ္ဓဟူးနေ့ကပြောတယ်လို့ ဥရောပသတင်းရင်းမြစ်တခုကပြောပါတယ်။ ဒါပေမယ့်လည်း ဗြိတိန်ဘက်က ကနဦးပန်ကြားထားတဲ့အတိုင်း နောက်ဆုံးရက်ကို ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရွှေ့ဆိုင်းပေးရေး အတည်ပြုကြဖို့ EU သံအမတ်ကြီးတွေကို Donald Tusk က အဆိုပြု ထောက်ခံထားပါတယ်။

EU သံအမတ်ကြီးတွေ ဗုဒ္ဓဟူးနေ့က အစည်းအဝေးလုပ်ကြပြီး ရက်တိုးပေးဖို့ မူအားဖြင့်သဘောတူကြတယ်လို့ တာဝန်ရှိသူအတော်များများနဲ့ သံတမန်သတင်းရင်းမြစ်တွေက AFP သတင်းဌာနကိုပြောပါတယ်။ ဒါပေမယ့် ပြင်သစ်နိုင်ငံက ရက်တိုတိုပဲ ရွှေ့ဆိုင်းပေးချင်တာကို လူသိရှင်ကြားထုတ်ပြောထားတာနဲ့အတူ ဘယ်လောက်ကြာကြာ ရက်တိုးပေးမယ်ဆိုတဲ့အပေါ် သဘောတူညီချက်မရခဲ့ကြတာပါ။ နောက်ဆုံးရက်ကို သီတင်းနှစ်ပတ်ပဲ ပြင်သစ်ကတိုးပေးချင်တာလို့ တချို့သတင်းတွေကပြောပါတယ်။

**Source: VOA Burmese News**

https://burmese.voanews.com/a/eu-backs-brexit-.../5137231.html

## မင်းဘူး(စကု)၌ ဂျီအေပီနည်းစနစ်ဖြင့်စိုက်ပျိုးသော ပဲတီစိမ်းသီးနှံများထွက်ရှိ

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်း ပဲတီစိမ်းသီးနှံ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ဂျီအေပီနည်းစနစ်ဖြင့် စိုက်ပျိုးသောစိုက်ဧက ၈၀၀ ကျော်မှ ပဲတီစိမ်းသီးနှံများ စံချိန်တင်ထွက်ရှိခဲ့ကြောင်း မင်းဘူး (စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းနိုင်ဝင်းထံမှသိရသည်။ မင်းဘူး (စကု) မြို့နယ်အတွင်းမှာ ပဲတီ စိမ်းသီးနှံကို စိုက်ဧက ၅၆၀၀၀ ကျော် စိုက်ပျိုး ခဲ့ပါတယ်။ အခုလိုနှစ်စဉ်စိုက်ပျိုးနိုင်ဖို့ မျိုးကောင်းမျိုးသန့်ရရှိဖို့လည်း လိုအပ်ပါတယ်။ မျိုးကောင်း မျိုးသန့်တွေရရှိနိုင်ဖို့ စိုက်ပျိုးရေးဌာနနဲ့ ပေါင်းစုလုပ်အားအဖွဲ့ NAGအဖွဲ့ပူးပေါင်းပြီး ကျေးရွာရှစ်ရွာက တောင်သူပေါင်း ၃၁၁ ဦးတို့နဲ့ စိုက်ဧက ၆၈၇ ဒသမ ၅၂ ဧက၊ စိုက်ပျိုးရေးဌာနက စိုက်ဧက ၂၀၀ ကိုကျေးရွာ ၁၀ ရွာက တောင်သူ ၅၇ ဦးရဲ့ယာမြေမှာ စိုက်ပျိုးခဲ့ပါတယ်ဟု ဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောဆိုသည်။

ယခုနှစ်မိုးရာသီကာလတွင် ပဲတီစိမ်းသီးနှံကို ဂျီအေပီနည်းစနစ်ဖြင့် စိုက်ဧက ၈၈၇ ဒသမ ၅၂ ဧကစိုက်ပျိုးခဲ့ကာ ယခုသီးနှံထွက်ရှိချိန်၌ ပဲတီစိမ်းတစ်ဧကလျှင် ၁၆ ဒသမ ၂၄ တင်းနှုန်းအထိထွက်ရှိခဲ့ကြောင်း ၎င်းကပြောဆိုသည်။ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်း သီးနှံ ၁၅ မျိုးကို ဂျီအေပီနည်းစနစ်ဖြင့် မျိုးကောင်းမျိုးသန့်များ ရရှိရေး စိုက်ပျိုးထုတ်လုပ်နေပြီး နှမ်းနှင့်ပဲတီစိမ်းသီးနှံနှစ်မျိုးကို အဓိကထားထုတ်လုပ်ခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီးအတွင်းမှာ နှမ်းနဲ့ပဲတီစိမ်းသီးနှံတွေကို ဆေးကြွင်းတဲ့အာနိသင်များတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဈေးကောင်းမရတဲ့ပြဿနာတွေ၊ နိုင်ငံခြားကိုတင်ပို့တဲ့အခါ အခက်အခဲဖြစ်ရတဲ့အတွက် အဲဒီပြဿနာတွေကို ဖြေရှင်းကျော်လွှားနိုင်ဖို့ ကျွန်တော်တို့ ဒီလုပ်ငန်းစဉ်တွေကို သတ်မှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအတွက် စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူအများစုရယ်၊ အင်န်ဂျီအိုအဖွဲ့နဲ့ ကျွန်တော်တို့ပူးပေါင်းပြီး ဆွေးနွေးညှိနှိုင်းမှုကနေ သီးနှံတွေကို ဆေးကြွင်းအာနိသင် အနည်းဆုံးဖြစ်ရမယ်၊ နိုင်ငံခြားက ဝယ်လက်တွေလက်ခံရမယ်၊ ကြိုက်ရမယ်ဆိုတဲ့ဈေးကွက်ကောင်းတစ်ခုရရှိရေးရည်မှန်းပြီး စီမံချက်ချ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်ဟု မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းကပြောဆိုသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/posts/2471005446501999

## ဘုရင့်နောင်ထက် မူဆယ်ကြက်သွန်နီဈေး ကျဆင်းမှုမြင့်တက်



ကြက်သွန်နီထွက်ရှိရာ မြန်မာပြည်အထက်ပိုင်းဒေသများတွင် အနောက်ဘက်နယ်စပ်သို့ တင်ပို့နိုင်ရန် သွားရောက်ဝယ်ယူသည့်အတွက် နယ်ဈေးနှုန်း တစ်ပိဿာကျပ် ၁၀၀၀ ဝန်းကျင်သို့ မြင့်တက်လာသည်။ ထို့အတူ ရန်ကုန်ဈေးကွက်တွင်လည်း ကြက်သွန်နီတစ်ပိဿာ အလုံးသေး ကျပ် ၇၅၀၊ အလုံးကြီး ကျပ် ၁၃၅၀ နှုန်း ဈေးမြင့်တက်လာသည်။ မူဆယ်နယ်စပ်ဈေးကွက်တွင် အောက်တိုဘာ ၃ ရက်က ကြက်သွန်နီဈေးတစ်ပိဿာ ကျပ် ၇၆၀မှ အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၁၀၊ အောက်တိုဘာ ၉ ရက်တွင် ကျပ် ၈၈၀၊ အောက်တိုဘာ ၁၄ ရက်တွင် ကျပ် ၈၂၀ နှုန်း အသီးသီးရှိခဲ့ကြောင်း

သိရသည်။ ရန်ကုန်ဈေးကွက်တွင် နယ်စုံကြက်သွန် အပို့များလာရာ ဝယ်လိုအားပုံမှန်သာရှိ၍ ဈေးကျဆင်းလာခဲ့သည်။ အောက်တိုဘာ ၂၁ ရက်တွင် အလုံးသေးတစ်ပိဿာကျပ် ၇၀၀၊ အလုံးကြီး ကျပ် ၁ယ၂၅၀ သို့ ဈေးကျဆင်းလာသည်။

အနောက်ဘက် မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်းသို့ စက်တင်ဘာလအတွင်း ကြက်သွန်နီတန်ချိန် ၁၈၀ သာ တင်ပို့ခဲ့သော်လည်း စက်တင်ဘာ ၂၄ ရက်မှ လကုန်အထိ မူဆယ်နယ်စပ်သို့ ကြက်သွန်နီတန်ချိန် ၂၁၉၈ တန်တင်ပို့ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အတွင်း ၆၀၁၇ တန် တင်ပို့ခဲ့သည်။ ဘုရင့်နောင်သို့ အောက်တိုဘာ ၂၁ ရက်တွင် ကြက်သွန်နီပိဿာချိန် ၃၁၂၀၀၀ ဝင်ရောက်မှုရှိသည်ဟု ဘုရင့်နောင်နေ့စဉ်ဈေးနှုန်းစာရင်း ထုတ်ပြန်ချက်မှသိရသည်။ ပြည်တွင်းဈေးကွက်အတွင်း ဘုရင့်နောင်နှင့်မူဆယ်တို့သာ နေ့စဉ်အဓိကထားတင်ပို့လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/129988.html

**myanmar.mmtimes**

## တနင်္သာရီဒေသထွက် ဖရဲသီး ယခုနှစ်စိုက်ပျိုးသူ နှစ်ဆအထိမြင့်တက်ခဲ့



တနင်္သာရီမြို့နယ်ရှိ ကျေးရွာတချို့တွင် ယခုနှစ်၌ ဖရဲစိုက်တောင်သူ နှစ်ဆခန့် မြင့်တက်လာကြောင်း တောင်သူများထံမှသိရသည်။ ယင်းမြို့တွင် ပြီးခဲ့သည့်မိုးရာသီ၌ ရေကြီး ရေလျှံမှုဖြစ်ပွားခဲ့ခြင်းကြောင့် စပါးခင်းများပျက်စီးခဲ့ကာ စိုက်ပျိုးရာသီ နောက်ကျ၍ ရာသီပေါ်သီးနှံတစ်မျိုးဖြစ်သော ဖရဲသီးများကို ဦးစားပေးစိုက်ပျိုးလာခြင်းဖြစ်ကြောင်း အဆိုပါဒေသရှိ ဖရဲစိုက်တောင်သူများထံမှသိရသည်။ တနင်္သာရီမြို့နယ် မော်တုံးကျေးရွာ ဖရဲစိုက်တောင်သူ ဦးတင်ငွေးက ဖရဲသီးစိုက်ပျိုးသူတွေကတော့ မနှစ်ကထက် ဒီနှစ်မှာ ပိုများလာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနှစ်မှာ ရေကြီးရေလျှံမှုဖြစ်ခဲ့လို့ စပါးစိုက်ခင်းတွေ ပျက်စီးသွားတော့ ပြန်မစိုက်နိုင်တော့ဘဲ ရာသီပေါ်သီးနှံဖရဲသီးကိုပဲ ဦးစားပေးစိုက်ပျိုးလာကြတယ်ဟု ပြောဆိုသည်။

ယခုနှစ်တွင် ဖရဲသီးစိုက်ပျိုးမှုမြင့်တက်နေသော်လည်း ရာသီဥတုကြောင့် စိုက်ပျိုးချိန်နောက်ကျနေကြောင်း တောင်သူများထံမှသိရသည်။ ထို့ပြင် ယခုနှစ်၌ ဖရဲစိုက်တောင်သူ များပြားလာခြင်းကြောင့် မျိုးစေ့နှင့်အစာစရိတ်များလည်း ဈေးနှုန်းမြင့်တက်မှုရှိနေကြောင်းသိရသည်။ ဒီနှစ်က ရေဒဏ်၊ မိုးဒဏ်ကြောင့် စိုက်ပျိုးချိန်နည်းနည်းနောက်ကျတာရှိပါတယ်။ ဒါပေမဲ့ အပင်ရှင်သန်နှုန်းနဲ့အသီးထွက်နှုန်းလျော့ကျ သွားတာမျိုးမရှိပါဘူးဟု တနင်္သာရီမြို့နယ် အရှေ့မော်တုံး ရွာဟောင်းကျေးရွာရှိ တောင်သူ ဦးမောင်သန်းကပြောဆိုသည်။ ယင်းဒေသ၏ နှစ်စဉ်ဖရဲစိုက်ရာသီမှာ ဇူလိုင်လတွင်စိုက်ပျိုးခြင်းဖြစ်ကာ စက်တင်ဘာလကုန်၌ ခူးဆွတ်ကြောင်းသိရပြီး ယခုနှစ်၌ စက်တင်ဘာလမှစတင်စိုက်ပျိုးရကြောင်းသိရပြီး နိုဝင်ဘာလဆန်းပိုင်းတွင် ခူးဆွတ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/129975.html

**myanmar.mmtimes**

## မန္တလေးတွင် ကျောက်မျက်ရတနာဈေးကြီးပေါ်ပေါက်ရေးကြိုးပမ်းရန် ဝန်ကြီးချုပ်တိုက်တွန်း

မန္တလေးမြို့မှာ ကျောက်မျက်ရတနာဈေးကြီး တစ်ခုဖြစ်ပေါ်လာဖို့ ဝိုင်းဝန်းကြိုးပမ်းကြဖို့ မန္တလေးတိုင်းဒေသကြီး အစိုးရဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုက်တွန်းပြောပါတယ်။ အစိုးရကိုယ်တိုင်က တာဝန်သိတဲ့အစိုးရဖြစ်ရမယ်။ ရတနာပစ္စည်းဆိုတာ မြေကြီးအောက်မှာရှိတယ်ဆိုပေမယ့် အဖိုးတန်တယ်။ အပေါ်ကိုရောက်လာတဲ့အခါ စနစ်ရှိရင် ပိုတန်ဖိုးတက်မယ်။ တွင်းထွက်ပစ္စည်းဆိုတာ တူးချင်တိုင်းတူးလို့ မရပါဘူး။ တူးခွင့်ပေးလို့လည်း မရပါဘူး။ နောင်အနာဂါတ် မျိုးဆက်သစ်တွေအတွက် စီမံခန့်ခွဲမှုချန်ပေးရပါမယ်။ အဲဒါဟာ အစိုးရရဲ့တာဝန်ဘဲဖြစ်တယ်။ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်က ကွန်ဗန်းရှင်းစင်တာမှာ ပထမဦးဆုံးအကြိမ် မြန်မာကျပ်ငွေနဲ့ရောင်းချမယ့် ကျောက်စိမ်းအရိုင်း၊ အချောထည်နဲ့ကျောက်မျက်ရတနာရောင်းချပွဲကို အောက်တိုဘာလ ၂၃ ရက်ကနေ ၂၅ ရက်နေ့အထိ စတင်ရောင်းချနေပါတယ်။ ကျောက်မျက်ရတနာတွေကို ပထမအကြိမ် မြန်မာကျပ်ငွေနဲ့ရောင်းချရာမှာ ဆိုင်ခန်းပေါင်း ၅၀ ကျော် ခင်းကျင်းရောင်းချသွားမှာဖြစ်ပြီး ဝင်ရောက်

ကြည့်ရှုဝယ်လိုပါက မြန်မာနိုင်ငံသားတွေက ကျပ် နှစ်သောင်း၊ နိုင်ငံခြားသားတွေအနေနဲ့ မြန်မာ ကျပ် တသိန်း ပေးဆောင်ရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း (မန္တလေး)ရဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက အခုလို ရောင်းချရတာကြောင့် ဝယ်မယ့်သူလည်း အဆင်ပြေတယ်။ ရောင်းတဲ့သူလည်းအဆင်ပြေတယ်။ တိုင်းဒေသကြီးအနေနဲ့လည်း မှန်မှန်ကန်ကန် အခွန်ရမယ်။ ကျောက်သမားတွေအနေနဲ့ နေပြည်တော်ကိုသွားစရာမလိုဘဲ လွယ်လင့်တကူဝယ်နိုင်တဲ့အတွက် သူတို့အတွက် အဆင်ပြေမယ်။ ဒီလိုပွဲတွေလုပ်ခြင်းကြောင့် ဒေသတွင်းမှာ ကျောက်စီးဆင်းမှုတွေများလာမယ်။ ကျောက်ဈေးကွက် ပိုကောင်းလာမယ်လို့ မျှော်လင့်မိတယ်လို့ပြောပါတယ်။ ကျောက်စိမ်းအရိုင်းအချောထည်နဲ့ ကျောင်မျက်ရတနာများကို ပထမအကြိမ် မြန်မာကျပ်ငွေနဲ့ ရောင်းချပွဲကို စိတ်ဝင်စားသူ ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

**Source: DVB TV News**

https://www.facebook.com/kope.aung/posts/2471003426502201

## မြန်မာနိုင်ငံမှာ စက်ရုံထူထောင်မယ့် ထိုင်းရဲ့ TCP


ထိုင်းအခြေစိုက် TOA-Chugoku Paints (TCP) က ယခုအခါ မြန်မာနိုင်ငံမှာ ယင်းရဲ့ပထမဆုံးသော နိုင်ငံရပ်ခြား (သုတ်ဆေး၊ မှုတ်ဆေး) စက်ရုံတစ်ရုံတည်ဆောက်ဖို့အတွက် ဘတ်ငွေ သန်း ၅၀၀ လျာထားသတ်မှတ်ပြီး စီစဉ်လုပ်ဆောင် နေကြောင်း သိရပါတယ်။ ဒါဟာ TCP အနေနဲ့ အရွယ်အစားကြီး ပရောဂျက်တွေဆီကနေ ဝယ်လိုအားတွေကို ဖမ်းဆုပ်နိုင်ဖို့ အတွက် ရည်ရွယ်လုပ်ဆောင်လာတာလည်းဖြစ်ပါတယ်။

TCP ရဲ့ စက်ရုံသစ်မှာတော့ heavy-duty coating နဲ့ marine paint ထုတ်ကုန်နှစ်မျိုးကို ထုတ်လုပ်သွားမှာဖြစ်ပြီး တစ်လလျှင် ထုတ်လုပ်မှုတန်ချိန် ၃၀၀ ခန့်ရှိမယ်လို့သိရပါတယ်။ အဆိုပါစီမံကိန်းကတော့ သီလဝါအထူးစီးပွားရေး ဇုန်ထဲမှာ အခြေစိုက်လုပ်ကိုင်မှာဖြစ်ပါတယ်။ ယင်းစက်ရုံကို လာမယ့် ၂၀၂၀ ဧပြီလမှာ စတင်လည်ပတ်သွားဖို့ အစီအစဉ် ဆွဲထား ပါတယ်။ TCP အနေနဲ့ စက်ရုံလည်ပတ်ဖို့အတွက် မြန်မာနိုင်ငံမှာ Chugoku-TOA Paints Myanmar ဆိုတဲ့ ပြည်တွင်း လုပ်ငန်းသစ်တစ်ခုကို ထူထောင်ထားတယ်လို့သိရပါတယ်။

**Source: SFJ Strategy First Journal**

https://www.bangkokpost.com/business/1777369/

## အိန္ဒိယက မြန်မာ့ပဲကို လိုအပ်ချက်အရ ဝယ်ယူနေသော်လည်း ဈေးနှိမ်ဟုဆို



လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာ့ပဲကို ၎င်းတို့နိုင်ငံ၏ လိုအပ်ချက်အရ ဈေးအော်ဒါသဘောမျိုးဖြင့် ဝယ်ယူနေသော်လည်း မြန်မာ ကုန်သည်များအနေဖြင့် ရသင့်သလောက်ဈေးမရဘဲ ဈေးနှိမ်ခံရကြောင်း မြန်မာ နိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောကြားသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပဲလိုအပ်ချက်အရ မတ်ပဲတန်ချိန် တစ်သိန်းခွဲကို ကိုတာစနစ်ဖြင့် တင်သွင်းမည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သော်လည်း လက်ရှိအိန္ဒိယနိုင်ငံ၏ ပဲထွက်ရာသီတွင် ရာသီဥတု အခြေအနေအရ ပဲလိုအပ်ချက်ဆက်လက်မြင့်တက်နေကြောင်း၊ သို့ဖြစ်၍ အိန္ဒိယနိုင်ငံ ပြည်နယ်အစိုးရ၏ ခွင့်ပြုမိန့်ဖြင့် မြန်မာ့ပဲကို ဈေးအော်ဒါသဘောမျိုးဖြင့် ဝယ်ယူ နေသော်လည်း ဈေးနှိမ်ခံရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ သူတို့ တကယ်

စိုက်ပျိုးတဲ့ပြည်နယ်တွေမှာ မိုးများတာတို့ ရေကြီးတာတို့ ဒါတွေ တွေ့ရတာပေါ့၊ နောက် ပြည်နယ်တွေမှာ ပစ္စည်းအဝင်တွေလည်း သိပ်အားရစရာ မရှိဘူးပေါ့၊ အဲဒီတော့ ဒီအကျိုးဆက်က ဘာဖြစ်လာလဲ ဆိုတော့ မနှစ်ကလိုပဲ တန်ချိန်တစ်သိန်းခွဲ ကန့်သတ်ထားတဲ့အချိန် အခုဆို အောက်တိုဘာလလည်း ဝင်လာပြီပေါ့၊ ဒီတန်ချိန်တစ်သိန်းခွဲ ပြည့်ခါနီးအချိန်ကျမှ သူတို့အိန္ဒိယပြည်နယ်အစိုးရရဲ့ ခွင့်ပြုမိန့်နဲ့ ဈေးအော်ဒါခေါ်တာပေါ့ လေ၊ မနှစ်ကပုံစံမျိုးဆန်ဆန် သူတို့ဝယ်ယူမှုတွေ ပြန်စတာတွေကို တွေ့ရတယ်၊ သူတို့က ပဲလိုအပ်ချက်ရှိတဲ့အခါ ကျတော့ အိန္ဒိယဘက်က ပေါ်လစီက အမျိုးမျိုးပြောင်းလဲလာတာပေါ့နော်၊ မနှစ်ကလည်း ထိုနည်းလည်းကောင်း မြင်ရတယ်၊ ဒီနှစ်လည်း ထိုနည်းလည်းကောင်း ထပ်မြင်ရတာပါပဲ၊ အဲဒီတော့ ဘယ်လိုပဲပြောပြော ပြည်တွင်းမှာ ပဲဈေးအထိုက်အလျောက် ပြန်တက် လာတာပေါ့လေ၊ ဒါပေမယ့် ပြန်တက်လာတယ်ဆိုသည့်တိုင်အောင် အိန္ဒိယမှာ တကယ်ဖြစ်နေတဲ့ ပဲဈေးထက်စာရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ပဲဈေးက တစ်တန်ကို ဒေါ်လာ ၂၅ဂ လောက် နိမ့်နေတာကိုတွေ့ရပါတယ်ဟု အတွင်းရေးမှူးကပြောသည်။ ထိုသို့ အိန္ဒိယနိုင်ငံ၏ ပေါ်လစီအမျိုးမျိုးကြောင့် ပဲစိုက်တောင်သူများ နစ်နာမှုမရှိစေရန် အစိုးရချင်းသဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်ကမ်းလှမ်းထားသော်လည်း အကြောင်းပြန်ကြားမှုမရှိသေးဘဲ လက်ရှိကိုတာ စနစ် သတ်မှတ်၍ဝယ်ယူနေသောကြောင့် ကုန်သွယ်မှုတွင် အမှန်တကယ်စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံအတွက် အားနည်းချက် တစ်ခုဖြစ်ကြောင်းသိရသည်။

သူတို့ဘက်က ရာသီဥတုအခြေအနေအရ ပဲလိုအပ်ချက်ရှိတယ်ဆိုကာမှ ခုနပြောတဲ့ မူဝါဒအပြောင်းအလဲပေါ့နော်၊ ဒီမူဝါဒ အပြောင်းအလဲတွေနဲ့ လိုအပ်ချက်ရှိတဲ့အခါမှာ လိုအပ်ချက်ရှိသလို ဒီဘက်ကို ပဲဝယ်တယ်၊ ဒါတွေတော့ဖြစ်လာတယ်၊ အဲဒီတော့ ခုနကျွန်တော်ပြောသလိုပဲ လက်ရှိကိုတာစနစ်ကို အိန္ဒိယကကျင့်သုံးနေတယ်ဆိုရင် ကျွန်တော်တို့ဘက်က ကုန်သွယ်တဲ့အခါမှာ တစ်ဖက်ရှုံးနေတာပေါ့နော်၊ ရှုံးတယ်ဆိုတာ ဟိုဘက်မှာ ရသင့်ရထိုက်တဲ့ဈေးမရဘူး၊ အခုမှ တစ်တန်ကို ဒေါ်လာ ၆၅ဂ လောက် ရလို့ ဈေးတက်လာတယ်ဆိုပေမယ့်လည်း အိန္ဒိယမှာ တကယ်ဖြစ်နေတာက တစ်တန်ကို ဒေါ်လာ ၈ဂဂ ကျော်ဖြစ်နေတာဟု အတွင်းရေးမှူးကပြောသည်။ အသင်းအဖွဲ့တွေ အစိုးရအပိုင်းတွေက ဘယ်ပဲကိုစိုက်ပါ၊ ဘယ်ပဲကိုမစိုက်ပါနဲ့လို့ ယတိပြတ် မပြောရဲဘူးဆိုတာက တစ်ခါတစ်ရံကျတော့ ပြောလိုက်တဲ့စေတနာက လာမယ့်နှစ်မှာ ပဲဈေးကောင်းသွားတဲ့အခါ အပြစ်တစ်ခု ဖြစ်လာနိုင်တာကိုး၊ ဒါပေမယ့် အခြေအနေမှန်ကိုတော့ရှင်းပြလို့ပဲရမှာ၊ အိန္ဒိယက လက်ရှိကုန်သွယ်နေတဲ့ အနေအထားကတော့ ကျွန်တော်တို့ကုန်သွယ်မှုမှာ မျှတမှုအားနည်းတယ်ပေါ့၊ ဘာကြောင့်အားနည်းလဲဆိုတော့ ကိုတာစနစ်နဲ့ သူကလိုင်စင်စနစ် လုပ်ထားတဲ့အခါကျတော့ သူတို့လိုရင် ကိုတာကိုဖွင့်ပေးမယ်၊ မလိုရင်ပိတ်ထားမယ်ဆိုတဲ့အခါကျတော့ ဒီဘက်မှာ စိုက်ပျိုး ထုတ်လုပ်တဲ့သူတွေက ကုသိုလ်ကံကောင်းရင်တော့ အထိုက်အလျောက် ဈေးရမှာပေါ့နော်၊ ဒီနှစ်ပုံစံမျိုး လိုအပ်ချက်တကယ် ရှိတဲ့အခါကျတော့ အထိုက်အလျောက်ဈေးပြန်ရလာတာပေါ့၊ တကယ်လိုအပ်ချက်မရှိတဲ့ နှစ်မျိုးသွားကြုံခဲ့ရင်တော့ အန္တရာယ် တစ်ခုရှိတာပေါ့ဟု အတွင်းရေးမှူးက သုံးသပ်ပြောကြားသည်။ သို့ဖြစ်၍ အိန္ဒိယနိုင်ငံအနေဖြင့် ကိုတာစနစ်ကို ဆက်လက်ကျင့်သုံးမည်ဆိုပါက မြန်မာနိုင်ငံမှ တောင်သူများအနေဖြင့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့်ပဲများကို သတိထားပြီး စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းထံမှသိရသည်။ လက်ရှိအချိန်တွင် အိန္ဒိယမှ အဝယ်လိုက်နေမှုကြောင့် ပြည်တွင်းဈေးကွက်၌ မတ်ပဲအသစ်တစ်တန်လျှင် ငွေကျပ်ဆယ်သိန်းကျော်ဈေးရရှိနေကြောင်းသိရ သည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2395979347309226?__tn__=K-R

## အော်ဂဲနစ်နှမ်းနက် တန်ချိန် ၈၀ ကျော်ကို ပြည်ပဈေးကွက်သို့ ရောင်းချထား

ကယားပြည်နယ်မှထွက်ရှိသည့် အော်ဂဲနစ်နှမ်းနက် တန်ချိန် ၈၀ ကျော်ကို ပြည်ပဈေးကွက်သို့ ရောင်းချထားကြောင်း Network Activities Group (NAG) Project Facilitator ဦးမင်းမင်းဇော်၏ ပြောပြချက်အရသိရပါတယ်။ အဆိုပါ ရောင်းချမှုတွင် ကယားပြည်နယ်အတွင်းရှိ တောင်သူများကို NAG ၏ ပံ့ပိုးကူညီမှုဖြင့် ဖားဆောင်း၊ မယ်စဲ့နှင့် ဘော်လခဲ မြို့နယ်တို့ရှိ ကျေးရွာကိုးရွာ၌ ဧကပေါင်း ၈၅၃ ဧကဖြင့် စတင်အကောင်အထည်ဖော်ကာ ထွက်ရှိလာသည့် နှမ်းနက် များကို ရောင်းချခြင်းဖြစ်ကြောင်းသိရပါတယ်။ အခုအော်ဂဲနစ်အနေနဲ့ ရောင်းချနိုင်ဖို့ ISO Consultants အဖွဲ့ကို ငှားပြီး

လုပ်တယ်။ နှမ်းစုပေါင်းရောင်းချပွဲကို အောက်တိုဘာ ၁၆ ရက်က စတင် ပြုလုပ်နေပါတယ်။ နေ့စဉ်ဈေးနှုန်း ပေါက်ဈေးအလိုက် ဈေးတော့မငြိမ်ဘူး။ ဒါပေမဲ့ ပြင်ပပေါက်ဈေးထက် တစ်ပိဿာကို ငွေကျပ် ၁၆၀ လောက်ပိုရတယ်ဟု ဦးမင်းမင်းဇော်က ပြောကြားခဲ့ပါတယ်။ ISO Consultantအဖွဲ့မှ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်မှာ ဥရောပ သမဂ္ဂနိုင်ငံ ၂၇ နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့တင်ပို့နိုင်ပြီး သဘောတူညီချက်အရ ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်လျှင် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် တောင်သူများဖွဲ့စည်းထားသည့် ကုမ္ပဏီမှတစ်ဆင့် တောင်သူ လယ်သမားများ ထပ်ဆောင်းရရှိမည်ဖြစ်ကြောင်းသိရပါတယ်။

ကယားပြည်နယ်ဘက်က ဒီနှစ်မိုးရာသီမှာ စိုက်ထားတဲ့ နှမ်းနက်တွေကိုရောင်းတာပါ။ အခုရောင်းချပွဲက အောက်တိုဘာ ၁၆ ရက်ကနေ ၂၄ ရက်အထိဆိုတော့ တန်ချိန် ၁၀၀ လောက်အထိ ရောင်းချနိုင်မှာပါ။ တောင်သူ တွေက မစောင့်နိုင်လို့ တခြားနေရာမှာ ရောင်းချလိုက်တာတွေရှိတဲ့အတွက် တန်ချိန်အရေအတွက် နည်းသွားတယ်ဟု Farmer to Farmerအကူအညီပေးနေသည့် မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးလွင် အေးက ပြောကြားခဲ့ပါတယ်။ လက်ရှိရောင်းချမှုမှာ မကွေးတိုင်းဒေသကြီးမှထွက်ရှိသည့် GAP နှမ်းနက် ပေါက်ဈေးအပေါ် အခြေခံ၍ ရောင်းချနေရခြင်းဖြစ်ပြီး အောက်တိုဘာ ၂၂ ရက် ပေါက်ဈေးအရ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၉၀၀၀ ဈေးရှိကာ ကယားပြည်နယ်မှ အော်ဂဲနစ်နှမ်းနက်ဖြစ်သည့်အတွက် တစ်တင်းလျှင် ထပ်ဆောင်းငွေ ငွေကျပ် ၃၀၀၀ ဈေးပိုရရှိကြောင်း သိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2430-organic-sesame.html

## STOCK EXCHANGE (24.10.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 2,239 | 25,961,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,900 | 3,950 | 3,900 | 9,301 | 36,688,950 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 5 | 42,000 | 10,400,986 | 87,368 |
| FPB | 00004 | 23,500 | +500 | +2.17% | 23,500 | 23,500 | 23,500 | 510 | 11,985,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,950 | +50 | +1.72% | 3,000 | 3,000 | 2,950 | 2,721 | 8,162,000 | 12,823,224 | 37,829 |

## Market summary

As of 24th Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 483.75 | +12.03 | +2.55% | 472.90 | 484.22 | 472.90 | 14,776 | 82,838,950 | 5 | 662,413 |

### Index chart




# Market Overview

As of 1:00 pm, 24th Oct. 2019

| MYANPIX | 483.75 ▲ 12.03 |
|---|---|
| Total Volume (shares) | 14,776 |
| Total Value (MMK) | 83 mil |
| Listed Company | 5 |
| Market Cap. (MMK) | 662,413 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 23,500 | ▲ 500 |
| TMH | 00005 | 2,950 | ▲ 50 |